# SHUNHANG GPS MODEL : SH-788 အသုံးပြုပုံ

**ON/OFF**

- Power ON/OFF (စက် ဖွင့်/ ပိတ်ပြုလုပ်ရန်)
- ခလုတ် တစ်ချက်နှိပ်လျှင် စက်ပွင့်ပါသည်။ ခလုတ်ကို (၃) စက္ကန့်ခန့် ဖိနှိပ်ထားလျှင် စက်ပိတ်ပါသည်။

**MAP**

- မျက်နှာပြင် မြေပုံများ ရွေးချယ်ရန် အသုံးပြုသည်။

**MODE**

- မျက်နှာပြင်ကို Day Mode, Night Mode, Auto Mode, User Mode ပြောင်းလဲရန် အသုံးပြုသည်။

**MENU**

- စက်နှင့်ပတ်သက်သော Function များအသေးစိပ် ဝင်ရောက်ပြင်ဆင် အသုံးပြုနိုင်သည်။
- MENU ခလုတ်တစ်ချက် နှိပ်လျှင် 1 မှ 10 အထိ Function များ၊ ထပ်ဆင့် Function များ ကို Arrow Key (မြှားသင်္ကေတ) ◀ ▶ ▼ ▲ များ (သို့ ) Digits ( နံပါတ် 1, 2, 3 စသဖြင့်) နှိပ်ပြီး ENTER ခလုတ်အသုံးပြု ၍ ဝင်ရောက်ပြင်ဆင်အသုံး ပြု နိုင်ပါသည်။

**GOTO**

- မိမိ သွားလိုသော Destination (ဦးတည်ရာ) သို့ တိုက်ရိုက်လမ်းကြောင်း ဆွဲလိုလျှင် အသုံးပြုသည်။ မိမိသင်္ဘောမှ WPT ၊ROUTE ၊ MARK ၊ CURSOR (ကာဆာ) တည်နေရာ တစ်ခုချင်းဆီသို့ GOTO ဖြင့် လမ်းကြောင်း ဆွဲကြည့်နိုင်ပါသည်။

**BRT**

- LCD မျက်နှာပြင်အလင်း နှင့် Key Pad (ခလုတ်) အလင်း အတိုး / အလျှော့ ပြုလုပ်ရန် ၊ Key Pad tone အသံ/အတိုး အကျယ် ပြုလုပ်ရန် အသုံးပြုသည်။
- ၎င်း BRT ခလုတ်ကို (၃) စက္ကန့် ခန့် ဖိနှိပ်ထားလျှင် MOB ဝင်ရောက်ရန်အတွက် အသုံးပြုနိုင်သည်။

**AIS**

- လက်ရှိသင်္ဘော၏ AIS အချက်အလက်များ နှင့် အခြားသင်္ဘောများ၏ AIS အချက်အလက်များ ကိုသိရှိနိုင်ရန် အတွက်အသုံးပြုနိုင်ပါသည်။

**CET/0**

- မိသင်္ဘောကို မျက်နှာပြင် အလယ်ဗဟို တွင်ထားရန် နှင့် cursor (ကာဆာ )ကို လက်ရှိ တည်နေရာသို့ ရွှေ့ရန် အသုံးပြုသည်။
- နံပါတ် (0)အဖြစ်လည်း အသုံးပြုနိုင်သည်။

**WPT LIST . , ? 1**

- မိမိမှတ်သားထားသော WPT (ဝေးပွိုင့်) များအားလုံးကို ကြည့်နိုင်ခြင်း၊ ပြန်ပြင်နိုင်ခြင်း ၊ GOTO လမ်းကြောင်းဆွဲနိုင်ခြင်း ၊ CENTER (CET) ခလုတ်နှိပ်၍ ဖျက်ခြင်း များပြုလုပ်နိုင်သည်။
- စာရိုက်ရာတွင် နံပါတ် (1) နှင့် (,?.) သင်္ကေတများ အသုံးပြုရန်။

** အသေးစိတ် အချက်အလက်များစုံစမ်းမေးမြန်းရန် **
ဖုန်း ၀၉ - ၄၅၀၀၂၉၁၄၃ , ၀၉ - ၇၇၈ ၉၂၂ ၅၃၁

**WPT ABC 2**

- ဖေးပွိုင့် (WPT) ထည့်သွင်းရန် ၊ ဖေးပွိုင့် (WPT) ပြင်ဆင်ရန် ၊နံပါတ် (2) အသုံးပြုရန် နှင့် a,b,c စာလုံးများ ထည့်ရန် အတွက် အသုံးပြုနိုင်ပါသည်။
- တစ်ချက်နှိပ်လျှင် ဖေးပွိုင့် (WPT ) မှတ်ပြီး + cursor ( ကာဆာ) ဖြင့် မိမိလိုချင်သောနေရာသို့ ရွှေ့ ၍ WPT အမှတ်များ မှတ်နိုင်သည်။
- WPT ခလုတ်အား (၃)စက္ကန့်ခန့် ဖိနှိပ်ထားလျှင် WPT အမည်ပေးခြင်း ၊ WPT အမှတ်သင်္ကေတ ရွေးချယ်ခြင်း၊ WPT အရောင် ရွေးချယ်ခြင်း စသဖြင့် ပြုလုပ်နိုင်သည်။

**DEF 3**

- မြေပုံချဲ့ကြည့်ရန် အသုံးပြုနိုင်သည်။ စာရိုက်ရာတွင် D,E,F နှင့် ဂဏန်းနံပါတ် (3 ) အဖြစ် အသုံးပြုနိုင်သည်။

**TRACK GHI 4**

- TRACK လမ်းကြောင်း ဖွင့် /ပိတ် ပြုလုပ်ရန် ၊TRACK လမ်းကြောင်း အရောင်ပြောင်းရန် ၊နံပါတ် (4) နှင့် GHI စာလုံး များအသုံးပြုရန်။
- ၄င်းခလုတ်အား တစ်ချက်နှိပ်ပါက လမ်းကြောင်းမှတ်တမ်း ပွင့်၍ မိမိရေယာဉ် လမ်းကြောင်းကို အလိုအလျောက် မှတ်ထားနိုင်ပါသည်။ ၄င်းခလုတ်အား နောက်တစ်ချက် ထပ်နှိပ်ပါက လမ်းကြောင်း မှတ်တမ်း ပိတ်သွားပါမည်။
- ၄င်းခလုတ်အား(၃) စက္ကန့်ခန့် ဖိနှိပ်ထားပါက လမ်းကြောင်း အရောင်များ ရွေးချယ်နိုင်ပါသည်။

**ROUTE JKL 5**

- ROUTE လမ်းကြောင်းဆွဲရန်၊ Boundary Line ဆွဲရန်၊ နံပါတ် (5) နှင့် j,k,l စာလုံး များအသုံးပြုရန်။
- မိမိသွားလိုသော ခရီးလမ်းကြောင်းအား ကာဆာ (+) အသုံးပြု၍ ROUTE လမ်းကြောင်း ကြိုတင်ဆွဲရာတွင် အသုံးပြုနိုင်သည်။
- ကာဆာ (+) ကို မိမိစဆွဲလိုသော နေရာသို့ရွှေ့၊ ROUTE ခလုတ်ကိုနှိပ်၍ →
  1) Begin quick route setting mode ရွေးပြီး ENT နှိပ်ကာ ROUTE (နံပါတ် 3) ခလုတ်နှိပ်၍ ကာဆာ (+) အားထပ်၂ရွှေ့၍ ROUTE လမ်းကြောင်းများ ဆက်ဆွဲသွားနိုင်ပါသည်။
  2) Begin quick line setting mode ရွေးပြီး ENT နှိပ်ကာ ROUTE (နံပါတ် 3) ခလုတ်နှိပ်၍ ကာဆာ (+) အားထပ်၂ရွှေ့၍ BOUNDARYလိုင်းများ ဆက်ဆွဲသွားနိုင်ပါသည်။
- ထိုသို့လမ်းကြောင်းများဆွဲပြီးပါက ENTER ခလုတ် ကို တစ်ချက်နှိပ်၍ ROUTE (သို့ ) Boundary Line လမ်းကြောင်းများ ကြိုတင်ရေးဆွဲ သွားနိုင်ပါသည်။
- နံပါတ် (5) အသုံးပြုရန် နှင့် j,k,l စာသားများထည့်ရန် အတွက်သုံးနိုင်ပါသည်။

**MNO 6**

- မြေပုံချုံ့ကြည့်ရန် အသုံးပြုနိုင်သည်။ နံပါတ် (6)နှင့် m,n,o စာလုံးများ အသုံးပြုရန်။

**MARK PQRS 7**

- MARK (အမှတ်)ရိုက်ရန် ၊ MARK (အမှတ်)ရွေးချယ်ပြင်ဆင်ရန် ၊ ဂဏန်း နံပါတ် (6)နှင့် p,q,r,s စာလုံးများ အသုံးပြုရန်။
- တချက်နှိပ်လျှင် MARK ( အမှတ်) မှတ်သားပြီး + cursor ( ကာဆာ) ဖြင့် မိမိလိုချင်သော နေရာသို့ရွှေ့ ၍ MARK (အမှတ်) များ မှတ်နိုင်သည်။

** အသေးစိတ် အချက်အလက်များစုံစမ်းမေးမြန်းရန် **
ဖုန်း ၀၉ - ၄၅၀၀၂၉၁၄၃ , ၀၉ - ၇၇၈ ၉၂၂ ၅၃၁

- MARK ခလုတ်အား (၃)စက္ကန့်ခန့် ဖိနှိပ်ထားလျှင် အမှတ် အမည်ပေးခြင်း ၊ အမှတ်သင်္ကေတ ရွေးချယ်ခြင်း၊ အမှတ်အရောင် ရွေးချယ်ခြင်း စသဖြင့် ပြုလုပ်နိုင်သည်။

TURN TUV 8

- မြေပုံ လှည့်ကြည့်ရန်၊ ဂဏာန်းနံပါတ် (8 ) နှင့် စာရိုက်ရာတွင် t,u,v စာလုံးများ အသုံးပြုရန်။

CURSOR WXYZ 9


- CURSOR ကာဆာ (+)ဖွင့် / ပိတ် အသုံးပြုရန်
- CURSOR ခလုတ်အားတစ်ချက်နှိပ်လျှင်ကာဆာ သင်္ကေတ (+) ဖော်ပြပြီးတစ်ချက်ထပ်နှိပ်လျှင် ၄င်းကာဆာသင်္ကေတ (+) ပျောက်သည်။
- CURSOR သင်္ကေတ (+) ဖော်ပြထားချိန်တွင် Arrow Key (မြှားသင်္ကေတ) ◀ ▶ ▼ ▲ များအသုံးပြုပြီး နေရာရွှေ့ပြောင်း၍ မိမိအသုံးပြု / မှတ်သားလိုသော MARK ( အမှတ် ) ၊ WPT (ပေးပွိုင့်) နှင့် Route (လမ်းကြောင်း/ Boundary Line) များ အသုံးပြုနိုင်သည်။
- တဖန် ၄င်း ကာဆာဖော်ပြထားချိန်တွင်ပင် မိမိအသုံးပြု / မှတ်သားထားသော MARK (အမှတ်) ၊ WPT (ပေးပွိုင့်) များတခုချင်းစီပြန်လည် Delete (ဖျက်) နိုင်သည်။
- ကာဆာ (+)အသုံးပြု ၍ MARK ( သို့ ) WPT နေရာသို့ ကာဆာ (+) ရောက်၍ RED CIRCLE (အနီရောင်စက်ဝိုင်းသေး)သင်္ကေတ ပေါ် လာလျှင် ENTER ခလုတ်တစ်ချက် နှိပ်ပြီး 3 Delete နှိပ်၍ဖျက်နိုင်သည်။ MARK နှင့် WPT ပေါ်တွင် RED CIRCLE (အနီရောက်စက်ဝိုင်းသေး) ပေါ်နေချိန်တွင် ENTER ခလုတ်တစ်ချက်နှိပ်ပြီး အောက်ပါအတိုင်း အသုံးပြုလုပ်နိုင်သည်။
  - ⟶1 Goto - ၄င်းအမှတ်သို့ သင်္ဘောမှလမ်းကြောင်းဆွဲခြင်း ပြုလုပ်နိုင်သည်။
  - ⟶2 Modigy - ၄င်းအမှတ်ကိုလိုသလို ပြင်ဆင်ခြင်း / အသေးစိပ်ကြည့်ရှုခြင်း ပြုနိုင်သည်။
  - ⟶3 Delete - ၄င်းအမှတ်ကို ဖျက်ခြင်းပြုနိုင်သည်။
  - ⟶4 Move - ၄င်းအမှတ်ကို နေရာရွှေ့ခြင်း များပြုလုပ်နိုင်သည်။
- စာရိုက်ရာတွင် w,x,y,z စာလုံးများ ထည့်ရန် နှင့် ဂဏာန်း နံပါတ် (9) အသုံးပြုရန် အတွက်လည်း သုံးနိုင်သည်။

EXIT

- မိမိ အသုံးပြုလိုသော function (လုပ်ဆောင်ချက်) များဝင်ရောက်ပြင်ဆင် အတည်ပြုပြီးပါက မူလမျက်နှာပြင်သို့ ပြန်ထွက် / ပြန်သွားရာတွင် Exit ခလုတ်ကို အသုံးပြုသည်။

ENT

- မိမိ အသုံးပြုလိုသော Function (လုပ်ဆောင်ချက်)များ ဝင်ရောက်ရွေးချယ် ပြင်ဆင်ပြီး အတည်ပြုရာတွင် အသုံးပြုသည်။ ထပ်ဆင့် Function များ ဝင်ရောက်ရာတွင်လည်း ▶ ခလုတ်နည်းတူ Enter ကိုလည်း အသုံးပြုနိုင်သည်။



- မြေပုံ ပေါ်တွင် ကာဆာ ( cursor + ) နေရာရွှေ့ရန် နှင့် ထပ်ဆင့် menu များ ရွေးခြယ်ရန် အသုံးပြုသည်။

** အသေးစိတ် အချက်အလက်များစုံစမ်းမေးမြန်းရန် **
ဖုန်း ၀၉ - ၄၅၀၀၂၉၁၄၃ , ၀၉ - ၇၇၈ ၉၂၂ ၅၁၁